## ပြဿနာ မရှိပါ။

"သင်၌ ပြဿနာများရှိလျှင် စိတ်မပူပါနှင့်" သင်သည် အမှန်တကယ် ကြီးမားသော ပြဿနာကြားထဲ မရောက်မီအချိန်အထိ ထိုသို့ပြောရန် လွယ်ကူကြောင်းကို ကျွန်ုပ်သိပါသည်။ သို့သော် ပြဿနာမရှိသူလူနည်းစု ကျွန်ုပ်တို့၏ ဝန်းကျင်၌ စုဝေးနေထိုင်သည်ကိုကျွန်ုပ်သတိပြုမိပါသည်။ အချို့အစုအဝေး၌ အနည်းဆုံး တစ်ဦးရှိပါသည်။ ကျွန်ုပ်တို့သည် ၄င်းတို့ ရှိသောနေရာကို သုဿန်ဟု ခေါ်ပါသည်။

သင်အသက်ရှင်နေသေးလျှင် သင်၌ အခက်အခဲများ ရှိပါသည်။ ဘဝဆိုသည်မှာ ဤအတိုင်းပင်ဖြစ်သည်။ သင်ယုံချင်ယုံ၊ မယုံ ချင်နေပါ။ ပြဿနာအများစုသည် အကယ်စင်စစ် သင့်အတွက်ကောင်းဖို့ရန် ဖြစ်ပါသည်။ စိန်ခေါ်မှုနှင့် စမ်းသပ်မှုများသည် ကျွန်ုပ်တို့ကို နိုးကြားသက်ဝင်စေပါသည်။ ရုပ်ပိုင်းဆိုင်ရာ တောင်းဆိုမှုများသည် ကျွန်ုပ်တို့ကိုပို၍ သန်မာစွာဖြင့် ကြီးထွားစေပါသည်။ စိတ်ပိုင်းဆိုင်ရာနှင့် စိတ်လှုပ်ရှားမှု သောကများသည် ကြံ့ခိုင်သော သဘောထားနှင့်ဖိအားဒဏ် ခံနိုင်မှုတို့ကို ဖန်တီးပေးပါသည်။ ဝိညာဉ်ရေးရာ စမ်းသပ်မှုက ခွန်အားရှိသည့် စရိုက်လက္ခဏာနှင့် သစ္စာရှိမှုတို့ကို ဖြစ်ထွန်းစေပါသည်။

ထို့ကြောင့် သင်၌ ပြဿနာများရှိလျှင် . . . ပြဿနာမရှိပါ။ "ငါနောက်တစ်ခါ ကြီးထွားလာပြန်ပြီ'ဟု သင့်ကိုယ်သင် ပြောလိုက်ပါ။

❖ ❖ ❖

သူသည် ကျွန်ုပ်တို့ကို မှန်လုံအိမ်ထဲတွင်ထည့်ထားသောအပင်များ မဖြစ်စေချင်ပါ။ မုန်တိုင်းဒဏ်ခံရသော ဝက်သစ်ချပင်ကဲ့သို့ ဖြစ်စေချင်ပါသည်။ လေတိုက်တိုင်း လွင့်သော သဲခုံကဲ့သို့ မဖြစ်စေ ချင်ပါ။ အပြင်းထန်ဆုံးမုန်တိုင်းကို ကြံ့ကြံ့ခံနိုင်သော နှမ်းဖတ်ကျောက် ဖြစ်စေချင်ပါသည်။ ဝေဒနာ ခံစားခြင်းသည် ဘုရားသခင်က ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို စမ်းသပ်စရာအကြောင်းရင်းများဖြစ်ကြောင်းကို သက်သေပြရန်အတွက် ကျွန်ုပ်တို့ အများစုသည် ကျွန်ုပ်တို့ကိုယ်တိုင် တွေ့ကြုံချက်များကို ဖော်ပြခြင်းထက်ပို၍အခြားသော ငြင်းခုံမှုများကို မလုပ်ကြရန် လိုအပ်ပါသည်။

❖ ❖ ❖

ယုံကြည်သူအားလုံးအတွက် သေချာနိုင်သည့် အချက်မှာ ဝေဒနာအားလုံးနှင့် ဒုက္ခအားလုံးသည် အကျိုးရှိသော အရာများဟု အဓိပ္ပါယ်ရပါသည်။ ဒုက္ခများက ခက်ခဲလှသည်ဆိုသည်မှာ မေးစရာပင် မလိုပါ။ ယင်းသည် များသောအားဖြင့် အံ့အားသင့်ဖွယ်ရာ အလစ်တိုက်ခံရခြင်းဖြစ်ပြီး ကျွန်ုပ်တို့ အားနည်းချက် အရှိဆုံးနေရာတွင် ဝင်တိုက်ခြင်းဖြစ်ဟန်တူပါသည်။ ယေဘုယျအားဖြင့် ကျွန်ုပ်တို့အဖို့ လုံးဝမိုက်မဲသော အကြောင်းမဲ့အရာများအဖြစ် ထင်ရသော်လည်း ဘုရားသခင်၌မူ ထိုအရာများသည် မိုက်မဲသော အရာများ မဟုတ်သလို အကြောင်းမဲ့ဖြစ်ရသည့် ကိစ္စရပ်များလည်း မဟုတ်ပေ။ ကျွန်ုပ်တို့၏ အသက်တာအတွင်းသို့ သူယူဆောင်လာသည့် (သို့မဟုတ်) သူခွင့်ပြုသည့် ဝေဒနာတိုင်း၌ သူ၏ ရည်ရွယ်ချက် ရှိပါသည်။ တနည်းနည်းအားဖြင့် ယင်းဝေဒနာသည် ကျွန်ုပ်တို့၏ အကျိုးအမြတ်နှင့် သူ၏ ဘုန်းတော်အတွက် ရည်ရွယ်သည်မှာ သေချာပါသည်။

## အမှောင်ထဲ၊ တောက်ပသောအလင်း

By William Cowper

ဘုရားသခင်သည် သူ၏ အံ့သြဖွယ်ရာများကို ဆောင်ရွက်ရန်အတွက်
လျှို့ဝှက်ဆန်းကြယ်သောနည်းလမ်းဖြင့် ဆောင်ရွက်ပါသည်။
သူသည် သူ၏ခြေရာများကို ပင်လယ်ထဲတွင် အခိုင်အမာတည်၍
မုန်တိုင်းအပေါ်၌ စီးနင်းလိုက်ပါလာပါသည်။

ဘုရားသခင်အား မခိုင်လုံသော အသိတရားဖြင့် မစစ်ကြောပါနှင့်။
သို့သော် သူ၏ ကျေးဇူးကရုဏာတော်အတွက်
သူ့အားယုံကြည်ကိုးစားပါ။ မှုန်ကုပ်ကုပ်မျက်နှာထားဖြင့်
သတ္တဝါအပေါင်းကိုကြည့်ရှုစောင့်ရှောက်ခြင်းနောက်ကွယ်တွင်
သူသည် ပြုံးရွှင်သော မျက်နှာကို ဝှက်ထားပါသည်။

သူ၏ ရည်ရွယ်ချက်ကို နာရီတိုင်း ထုတ်ဖော်မပြောသော်လည်း
လျင်မြန်စွာ ဝင်းမှည့်လာပါလိမ့်မည်။
အဖူးသည် ခါးသည့် အရသာ ရှိမည်ဖြစ်သော်လည်း
ပန်းပွင့်သည် ချိုမြိန်ပေလိမ့်မည်။

ကျိုးကြောင်းမမြင်သော မယုံကြည်မှုသည် မှားရန်သေချာပြီး
သူ၏အလုပ်ကို သာမန်ကာလျှံကာကြည့်လျှင် အချည်းနှီးသာဖြစ်သည်
ဘုရားသခင်သည် သူ၏ ကိုယ်ပိုင်စကားပြန်ဖြစ်ပြီး
သူသည် ယင်းကို ပေါ်လွင်စေပါလိမ့်မည်။

## စိန့်သြဂတ်စတင်း၏ ဆုတောင်းချက်

ကျွန်ုပ်တို့၏ အသက်ဖြစ်တော်မူသောဘုရား၊ ကျွန်ုပ်တို့၏ဝန်ထုပ်ဝန်ပိုးများသည် ကျွန်ုပ်တို့၏ ပုခုံးများကို ပွန်းရှုစေပြီး ကျွန်ုပ်တို့အား ဖိစီးနေသည့် နေ့ရက်များ၊ လမ်းများသည် မသာယာဘဲ အဆုံးမသတ်နိုင်ဟု ထင်ရသည့် နေ့ရက်များ၊ ကောင်းကင်၌ မိုးမှောင်နေပြီး မိုးရွာရန် ဟန်ပြင်နေသည့် နေ့ရက်များ ကျွန်ုပ်တို့၏ ဘဝ၌ ဂီတသံမရှိဘဲ နှလုံးသားမှာလည်း အထီးကျန်နေသော နေ့ရက်များနှင့် ကျွန်ုပ်တို့၏ ဝိညာဉ်များ၌ သတ္တိများ ပျောက်ဆုံးနေသော နေ့ရက်များ ရှိပါသည်။

လမ်းခရီးကို အလင်းများဖြင့် ပြည့်လျှံစေပါ။ ကျွန်ုပ်တို့၏ မျက်စိများကို ကတိတော်များဖြင့် ပြည့်နေသော ကောင်းကင်များ၌ ဖွင့်ပေးပါ။ ကျွန်ုပ်တို့၏ နှလုံးသားများကို ရဲရင့်သော ဂီတသံများ ဖြစ်လာစေရန် တေးသွားညှိပေးပါ။ ခေတ်အဆက်ဆက်မှ သူရဲကောင်းများ၊ သူတော်စင်များနှင့် ရဲဘော်ရဲဘက်စိတ်ထားနိုင်သည့် အသိတရားကို ပေးပါ။ သို့မှသာ ကျွန်ုပ်တို့နှင့်အတူ ဘဝခရီး လမ်းပေါ်၌ ခရီးနှင်နေသူများကို အားပေးတိုက်တွန်းနိုင်ရန် ကျွန်ုပ်တို့၏ ဝိညာဉ်အရှိန်တန်ခိုး မြင့်လာပါလိမ့်မည်။ ကိုယ်တော်၏ ဂုဏ်တော်ကို ရှိသေလေးမြတ်ခြင်း ရှိပါစေသော။